# သခင့်စကား

## The LORD's Word

ဝိညာဉ်ရေး ဂျာစာစောင်

ယေရှုက ငါသည် ရှင်ဘုရင် မှန်၏။ သမ္မာတရားဘက်၌ သက်သေခံခြင်းငှာ ငါသည် မွေးဖွားခြင်းကို ခံ၍ ဤလောကသို့ ကြွလာပြီ။ သမ္မာတရားနှင့် စပ်ဆိုင်သမျှသော သူတို့သည် ငါ့စကား ကို နားထောင်ကြသည်။ ယောဟန် ၁၈း၃၇ ခ

အမှတ်စဉ် (၈၈) ဒီဇင်ဘာလ ၂၀၀၈ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )



### အခွံ – ၄ (မင်းအောင်သက်လွင်)

အိမ်နောက်ပေါက်က တံခါးခေါက် ...
"ဟောဒီမှာ မင်း အတွက် ခရစ္စမတ်လက်ဆောင်" တဲ့ ၊
အိမ်တံခါးကို အဖွင့်မှာ ကျိန်စာ မိထားတဲ့ ငါ့ဝိညာဉ်ကို
ငါး ကင်သလို တံကျင်လျှိုထားတာ တွေ့လိုက်ရတယ်။
သကောင့်သား ငါကတော့ ...
ဆီ ဝယ်ဖို့လဲ အကြံအိုက် ၊ ထီ ဝယ်ဖို့လဲ ကံ မလိုက်
ကျီစယ် ဖို့လဲ ဟန် မထိုက် ၊ လီဆယ် ဖို့လဲ မာန်က ငိုက် ၊
ကောင်းကြီး ရဖို့အတွက်ဆို "အာမင်" တွေ အထပ်ထပ် ခေါ်
ဘုရားခိုင်းတဲ့ အလုပ်အတွက်ဆို ကမ္ဘာအပြင်မှာ ခန ထွက်ပျော်
ခနော် ခနဲ့ ၊ အဖော် အဖွဲ့တွေနဲ့ ပျော်ပွဲ လှည့်နေခဲ့တယ်။
အပေး အယူတွေနဲ့ ချိန်ခွင် ညှိထားတဲ့ လောကမှာ
ကိုယ်ကချည်းဘဲ ပေးနေရရင် ရတက် မအေးရသလို (အကြွေး ပြန်မရမှာ စိုးလို့)
ကိုယ်ကချည်းဘဲ ယူနေပြန်ရင်လဲ မျက်နှာ ပူစရာဖြစ်မယ်။
(အလကားကောင်လို့ အထင်ခံရမှာ စိုးလို့)
အသိ နောက်ကျလို့ 'ခံ' လိုက်ရတာ ရှိသလို ၊
အရောက် နောက်ကျလို့ 'ကျန်' ခဲ့ရတာတွေလဲရှိတယ်။
လို တ မရ လို့ ၊ ငို ပြ ကြတဲ့ လောကထဲ
မအေး မပူ တဲ့ ဘဝ ရဖို့ ၊ အပေး အယူလေးတွေ မျှကြစို့ လို့ ဆုံးဖြတ်ချိန်မှာ ...
အိမ်ရှေ့ပေါက်က တံခါးခေါက် ၊
"ဟောဒီမှာ မင်းအတွက် ခရစ္စမတ် လက်ဆောင်" တဲ့ ၊
အိမ်တံခါးကို အဖွင့်မှာ ဇိမ် များနဲ့ စိမ် ထားတဲ့ ငါ့ဝိညာဉ်ကို
ပါကင်လှလှလေးနဲ့ ထုပ်ပိုးထားတာ တွေ့လိုက်ရတယ်။ ယောဘ ၂၂း၂

---

### ချစ်သမီးဆီသို့ ,—— မိုင်နှင်းနှင်းအေး (ရှာမနုစ်ခြင်းအသင်းတော်–အင်းစိန်)

အနာဂါတ်လှပဖို့ ချစ်သမီးလေး နိုင်ငံရပ်ခြား စင်ကာပူသို့
ထွက်ခဲ့သည်မှာ တစ်နှစ်ကျော်လေပြီ ။
ပင်ပန်းဆင်းရဲ ဝမ်းနည်းစွာနဲ့ လုပ်ရကိုင်ရ
အကြောင်းများကြောင့် အမေ့ရင်မှာ မချိပြီ ။
တစ်လမှ တစ်ရက် ခွင့်ရက်များတွင် ချစ်သမီးလိမ္မာ
ဘုရားကျောင်း သွားတက်ကြောင်း အမေ ကြားသိ ပီတိ ဖြစ်မိ။
ရက်လတွေလဲ ကြာညောင်း ၊ သမီးလေးလဲ စိတ်တွေပြောင်း
စာတန်နှင့် ပေါင်းဖက် ဘုရားကျောင်းလဲ ပျက်ကွက်
သမီးသတင်း အမေကြားသိ ရင်မှာ မချိ ဝမ်းနည်းမိ ။
ချစ်သမီးလေး အမှားကို ပစ် ၊ အမှန်ကို ချစ်တတ်ဖို့
အမေအမြဲ ဆုမွန်တောင်းကာ သမီးလေး အမြဲ ဖတ်ရန်
ဆာလံ ၁ ကို ရေးပေးလိုက်သည်။ ။





---

### "ငါများ . . . . သတိ" မင်းထွန်းသက်လွင် (ဟောရှာယ ၁၄ း ၁၂ – ၁၅ )

လောကကြီးမှာ ... ငါ သာ ပထမ ၊ ငါ သာ အမှန် ၊ ငါ သာ ကောင်းတာမို့
အချိန်တိုင်း ငါ ၊ ဟိုနေရာမှာ ငါ ။ နေရာတိုင်း ငါ ၊ ဒီနေရာမှာ ငါ
ငါ သာ အနာဂါတ် ၊ ငါ သာ ကမ္ဘာပတ် ၊ ငါ သာ ပညာတတ် ။
အတိတ်ဟာ ငါ့အသက် ၊ ပစ္စုပ္ပန်ဟာ ငါ့ အတွက် ၊ အချိန်တိုင်းဟာ ငါ့ ရမ္မက်
ပြိုင်ဘက် မရှိတဲ့ ငါ၊ နိုင်လက် ရှိတဲ့ ငါ၊ အပိုင်ကွက် သိတဲ့ ငါ၊ ယှိုင်ပျက်မှု မရှိတဲ့ ငါ
ပြည့်စုံတဲ့ ငါ ၊ စေ့ငုံ တဲ့ ငါ။ လုံခြုံတဲ့ ငါ ၊ ကုံလုံတဲ့ ငါ ၊ ငါ တစ်လုံးကို အခါခါသုံး
ငါ့ အသက် ငါ ရှုရင်း၊ ငါ့ ထမင်း ငါ စားရင်း ၊ ငါ့ငွေ ငါ သုံးရင်း၊ ငါ့အချိန် ငါဖြုန်းရင်း
ငါ့ အကြောင်း ငါ တွေးရင်း ၊ ငါ့ အကောင်း ငါ ရေးရင်း ၊
ငါ့ ကိုယ် ငါ ချီးမြှောက်ရင်း ၊ ငါ့ အလိုနဲ့ ငါ ခရီးထောက်ရင်း
နောက်ဆုံးတော့ ငါဟာ ၊ မလွဲနိုင်တဲ့ "ငရဲ" အိုင်မှာ
လက်မ ထောင်ပြီး ၊ "ငါ ... ငါ ... ငါ " လို့ အော်နိုင်သေးလား။ ။



### လွမ်းစိတ်ပိုတဲ့ခရစ္စမတ် နန်း ရထိုက် (ကနခ)

ငယ်စဉ်တောင်ကျေး ကလေးဘဝမှာ ပြေးလွှားခုန်ပေါက် ရွာရိုးတလျှောက်
လိုင်းလုံးတွေကြား ပျော်ကာရွှင်ကာ နေခဲ့ဖူးတယ်။
ဆောင်းဟေမန်နဲ့ နှင်းဖွေးညတွေမှာလဲ ခရစ္စမတ်သီချင်းတွေဆိုရင်း
ဟိုဝင် သည်ထွက် သူငယ်ချင်းများနဲ့ ပျော်ပျော်ရွှင်ရွှင် သီဆိုခဲ့ဖူးတယ်။
ခရစ္စမတ်ညမှာလဲ မိဘမောင်နှမ ညီအစ်ကိုများနဲ့ ပေါင်းသင်းစုံစွာကြည်နူးခဲ့ဖူးတယ်။
ဆိုးတဲ့ ကြမ္မာ ဖန်လာလေတော့ မိုးသက်မုန်တိုင်း လိုင်းလုံးကြီးအောက်
မိသားစုနဲ့ သူငယ်ချင်းများလဲ တစ်ကွဲတစ်ပြား လွင့်စင် သွားကြ ၊ ဝေး ကြလေပြီ၊ ကွဲ ကြလေပြီ။
ရင်မှာခံစား နာကျင်သော်လည်း အလွမ်းပို၍ ဆွေးနေရလဲ ဘဝတွေက ခြားလေပြီ
ဟိုသည် ပျော်မြူး ခရစ္စမတ်အချိန် ရွာချောင်းနားက အိမ်တွေဟာလဲ
တစ်အိမ်လေမျှ မရှိခဲ့လေတော့ ...
ကျွန်တော့်အတွက် ဒီတစ်ညတော့ လွမ်းစိတ်ပိုတဲ့ ခရစ္စမတ်ပါဘဲ ။

---

### " ဆန္ဒ " KT (သံဖြူဇရပ်)

ဖြစ်ချင်တာ သခင်ဘုရား ရင်မှာ
ပိုက်ထွေးထားတဲ့ သိုးဖြူလေး တစ်ကောင်လိုပါ
အသိဉာဏ်တွေ မရှိချင်ဘူး။ အစွမ်းအစတွေ မရှိချင်ဘူး။
အမှားအမှန်တွေ ဝေဖန်ပိုင်းခြားတတ်တာမျိုး မလုပ်တတ်ချင်ဘူး။
ခပ်အအ ခပ်နုံနုံ ဦးနှောက်တွေနဲ့ သခင်ဘုရားရဲ့ ရင်ခွင်ထဲမှာ
ထာဝစဉ် နေခွင့်ရရင်ဘဲ ကျေနပ်လှပြီ။ ။

---

### အမှောင်ထဲမှာပဲလား

((Are you still in the dark? အားခံစား၍ ရေးဖွဲ့သူ)) (ဇင်မာ–ပုသိမ်)

မိဘစဉ်ဆက်က ~~ခရစ်ယာန်မို့ မင်းလဲ အမည်ခံ~~ လိုက်တာလား သူငယ်ချင်း။
ငယ်ရွယ်ချိန်မှာ စာ စသင်၊ က ကြီး ခ ကွေး၊ ဖတ်တတ်ယုံနဲ့
မင်းဘဝဒီမျှ စာတတ်ပြီလား သူငယ်ချင်း။ တနင်္ဂနွေဥပုသ်တစ်ရက်
ကျောက်ဒိုး မလိုမ့်ဘဲ စန်းဒေးစကူးလ် လိုက်တက်ပါလား သူငယ်ချင်း။
မင်းဘဝ အဖြူရောင် အစက်စွန်း မမဲသေးပါ သူငယ်ချင်း။
ဆရာသခင် အတင်မှားလို့ ထန်းရည်၊ အရက်၊ ဖဲနဲ့ လောင်းကစား။
ကညာပျို အလိုလိုက် မိုက်မှားနေပြီလား သူငယ်ချင်း။
ဟုတ်တိပတ်တိ အလုပ်မရှိ မိဘငွေလဲတောင်းယူမရ ခိုးယူမိလို့
ရှိတာတွေလဲ ပေါင်နှံစား မင်းခါးက ပုဆိုး လက်သုတ်ဝတ် ဖြစ်နေပြီသူငယ်ချင်း။
တတိတိနဲ့ ရှိတဲ့ငွေလဲပြောင်၊ အဖေ့ပုဆိုးနဲ့ အမေ့ထမီမချန် မင်း ပေါင်စားလို့ကုန်ပြီလေ။
ဇရာအိုဟောင်း လောကခံ ထုထောင်းလို့
ခြေတစ်ဖက် လေဖြတ်ဒုက္ခိတနဲ့ တုံးလုံးလဲကာ မင်းလဲနေပြီ သူငယ်ချင်း။
မျက်စိတစ်မှိတ် ခန္ဓာချုပ်ချိန်မှ အသက်ရှင်တဲ့ ထာဝရဘုရားကို
မင်း မသိသေးလို့ အမှောင်ထဲမှာပဲလား သူငယ်ချင်း။

---

### မသိခြင်းထဲကသိရခြင်း (ဆိုင်းတောင်)

ငါဘယ်သူလဲ ငါကိုယ်တိုင်က သေချာ မသိ ဘုရားသားလို့တော့ အမည်ခံထား။
ငါဘာလဲ ငါကိုယ်တိုင်က ဘာမှန်းလဲမသိ ဘုရားသားပေမယ့် ယောင်ဝါးဝါးနဲ့။
ငါဘယ်မှာ ရှိနေသလဲ လောကအရာထဲမှာလည်း မရှိ၊ လောက အပြင်မှာလည်း မနေ။
ငါ့နောက်လည်း ငါ မလိုက်၊ ဘုရားနောက်သို့လည်း လုံးလုံး မလိုက်၊
တရား မှာလည်း မမွေ့လျော်၊ မေတ္တာ အရာမှာလဲ နောက်လှည့်ကြည့်တတ်။
အတုအယောင်လည်း မလိုချင် ၊ အစစ်အမှန်လည်း မရှာဖွေ။
တခါတလေ ငါ့ကိုယ်ငါ ပြန်တွေ့လိုက်၊ တခါတလေ ငါ့ကိုယ်ငါ ဘယ်မှာမှ ရှာမတွေ့
တခါတလေငါ့ ကိုယ်ငါ ဘယ်နားရှာရမှန်း မသိ၊ ကောင်းမှုတွေက နည်း၊
အပြစ်တွေက များ။ ဘယ်လိုပဲ ကြိုးစားစား နှလုံးသားကလည်း ဖြူစင်လို့ မရ။
ဘယ်လိုဘဲ နိမ့်ချချ ၊ အတ္တ တွေကလည်း ရှင်သန်လျှက်သာ
ငါဟာလေ...ငါဟာ သခင့်ရဲ့ မပြတ်စီးဆင်း ရှင်သန်နေသော
မေတ္တာနှင့် ကြွယ်ဝသော ကရုဏာတော်ကြောင့်သာ မဟုတ်ခဲ့ရင် ... ။



ပျော်ရွှင်စရာ ကောင်းတဲ့ ခရစ်စမတ် ဖြစ်ပါစေ

## သက်သေခံချက် MMA

ကျွန်မ စင်ကာပူကို ကလေးထိန်းတဲ့ အလုပ်နဲ့ လာခဲ့ပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် အစစအရာရာ အဆင်ပြေစွာနဲ့ လုပ်ကိုင်စားသောက်ခွင့်ရခဲ့ပါတယ်။ အိမ်ရှင်မိသားစုကလဲ ခရစ်ယာန်တွေဖြစ်ပြီး စိတ် သဘောထား ပြည့်ဝကြပါတယ်။ ဒီရောက်တော့ ကျွန်မ ထိန်းရမဲ့ ကလေးလေးက ကျွန်မ ကို ချစ်ဖို့၊ ကျွန်မကလဲ ကလေးကို စိတ်စေတနာ ပြည့်ပြည့်နဲ့ ချစ်ဖို့ ဆုတောင်း ခဲ့ပါတယ်။ ကျွန်မရဲ့ ဆုတောင်းချက်ကို ဘုရားသခင်က နားညောင်းလက်ခံပြီး ဆုတောင်းပြည့် စေခဲ့ပါတယ်။ ကလေးက ကျွန်မကို မျက်စိအောက်ကနေ အပျောက်မခံပါဘူး။ ကျွန်မကလဲ ကလေးကို တခြား လူတွေနဲ့ စိတ်မချပါဘူး။ ကိုယ်တိုင်ကြည့်ရမှ ကျေနပ်ပါတယ်။ ဆရာက တရားဟောတော့ ဆုတောင်း ပြည့်တိုင်းလဲ ဘုရားအလိုတော်လို့ မထင်နဲ့တဲ့။ အဲဒါ တကယ်ပါဘဲ။ ကျွန်မ မှာ ကလေးထိန်းပေးမဲ့သူ ရှိတာတောင် မနားရပါဘူး။ ဒါပေမဲ့ ကျွန်မ ကတော့ ကလေးကို ချစ်နေတဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။

တမနက်ကျတော့ ကျွန်မ ထိန်းတဲ့ကလေး အစားမှားပြီး ချောင်းဆိုးရင်ကျပ် ပါတယ်၊ ကလေး ချောင်းတစ်ခါ ဆိုးလိုက်တိုင်း ကျွန်မ အသည်းကို ဆူးနဲ့ထိုးသလို ခံစားရပါတယ်။ အဲဒါကြောင့် ကျွန်မ ဘုရားသခင်ကို အားကိုးတကြီးနဲ့ ဆုတောင်းခဲ့ပါတယ်။ ကလေးရဲ့ ရောဂါ ကျွန်မမှာ ဖြစ်ပါစေ။ ကလေး သက်သာပါစေလို့ ဆုတောင်းပြီး ကတိတွေ ပေးခဲ့ပါတယ်။ ဆုတောင်းပြီး ခနကြာတော့ ကလေးက ချောင်းဆိုးရပ်ပြီး အိပ်ပျော်သွားပါတယ်။ အိပ်ယာက နိုးလာတော့လည်း ချောင်းအရမ်း မဆိုးတော့ပါဘူး။ ညနေ သူ့မိဘတွေ ပြန်လာတော့လည်း ဆေးခန်း သွားပြတဲ့အတွက် ကလေးရဲ့ ရောဂါက ယူပစ်လိုက်သလို ပျောက်သွားပါတယ်။ ကျွန်မတို့ ယုံကြည်ကိုးကွယ်တဲ့ ဘုရားသခင်က တကယ့်သမားတော်ကြီး ဖြစ်သလို ဘုရားသခင် မတတ်နိုင်တာလဲ မရှိပါဘူး။ အဲဒီအတွက် ဘုရားသခင်ကို ကျေးဇူးတင်ကြောင်း သက်သေခံရင်းနဲ့ စာဖတ်သူ ညီအစ်ကိုမောင်နှမ အယောက်စီတိုင်းလဲ မိမိတို့ ခံစားနေရတဲ့ ဝေဒနာတွေဘဲဖြစ်ဖြစ် အခက်အခဲတွေဘဲ ဖြစ်ဖြစ် ဘုရားသခင်ကို ဆုတောင်းပြီး သက်သာခြင်းကို ခံယူကြပါလို့ အနည်းငယ် တိုက်တွန်းလိုက်ပါတယ်။ ဆာလံ ၄၆း၁ ( MMA )

---

## သက်သေခံချက် (သိုးကလေး)

ကျွန်တော့်ရဲ့ အသက်တာမှာ ဘယ်တော့မှ မေ့လို့ မရနိုင်တဲ့ အဖြစ်အပျက်လေး တစ်ခုကို သက်သေခံချင်ပါတယ်။ ကျွန်တော်တို့ မိသားစု အကြောင်းပါ။ ကျွန်တော့် မိခင်က ကရင်လူမျိုး ယုံကြည်သူတစ်ယောက် ဖြစ်ပြီး ဖခင်ကတော့ ဗမာလူမျိုး မယုံကြည်သူ ဖြစ်ပါတယ်။ ဘုရားသခင် ပညတ်ထားတဲ့ မညီတဲ့ ထမ်းပိုးကို ထမ်းခဲ့မိလို့ အမိုးဟာ အဖိုးအခများစွာ ပေးခဲ့ရတယ်ဆိုတာ ကျွန်တော့် ကိုယ်တွေ့ပါဘဲ။ လွန်ခဲ့တဲ့ ၇လ ပိုင်းလောက်က ကြီးမားတဲ့ စုံစမ်း နှောက်ယှက်ခြင်း တစ်ခုကို ကျွန်တော်တို့ မိသားစု ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ အမိုးနဲ့ အပါး ကွာရှင်းပြတ်စဲ တော့မယ်လို့ မြန်မာပြည်မှာရှိနေတဲ့ အပါးက စင်ကာပူမှာ အလုပ်လုပ်နေတဲ့ ကျွန်တော့်ကို ဖုန်းဆက်ပြီး ပြောပြပါတယ်။ အဲဒီနောက် အမိုးနဲ့ စကားပြောချင်ပေမဲ့ ဖုန်းအဆက်အသွယ် မရခဲ့ပါဘူး။ ကျွန်တော် အရမ်းဘဲ ဝမ်းနည်းမိပါတယ်။ အမြဲတမ်းလို အဆင်မပြေမှုတွေ ရှိနေခဲ့တဲ့ အိမ်ထောင် မိသားစု လေးအတွက် အေးချမ်းသာယာချမ်းမြေ့တဲ့ မိသားစုလေးကို ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ မျှော်လင့်ခဲ့ပါတယ်။ အဲဒီ စိတ်နဲ့ဘဲ အလုပ်ထဲမှာ စိတ်မဝင်စားတော့ဘဲ၊ ဘုရားသခင်အပေါ်မှာ စောဒက တက်ခဲ့မိပါတယ်။ ဖခင်များနေ့မှာ အယောက်စီတိုင်းဟာ မိမိတို့ ဖခင်တွေအပေါ် ဂုဏ်ယူ ဝမ်းမြောက်နေတာကို ကြည့်ပြီး အရမ်းအားကျမိခဲ့ပါတယ်။ စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ ချီးမွမ်းခြင်း ပွဲတော်မှာ မိသားစု ကိစ္စအတွက် ဘုရားသခင်ဆီမှာ ဆုတောင်းခံခဲ့ပါတယ်။ ဆုတောင်းခံ နေစဉ်မှာ ဝမ်းနည်းလွန်းလို့ လူအုပ်ကြီးကြားထဲမှာ မျက်ရည်ကျခဲ့မိပါတယ်။ ပြီးတဲ့ နောက် ဘုရားသခင်က စိတ်နှလုံး ငြိမ်သက်ခြင်းကို ပေးခဲ့ပါတယ်။ မြန်မာပြည်မှာ ရှိနေတဲ့ မိသားစု ဆီကို ဖုန်းမဆက် စာမရေးဘဲ ၂လ တိတိ နေခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ၇လပိုင်း ၁၀ရက်နေ့ ညပိုင်းမှာ အိမ်က ဖုန်းဆက်ခဲ့တဲ့ အတွက် အစ်ကိုနဲ့ စကားပြောဖြစ်ခဲ့ပါတယ်။ ၂လတိတိ စင်ကာပူကနေ ကျွန်တော် ဖုန်းမဆက်လို့ စိတ်ပူကြောင်း ပြောပြပါတယ်။ ပြီးတဲ့နောက် အမိုးနဲ့ အပါးဟာ ဘုရားရှေ့ လူရှေ့မှာ ပြန်လက်ထပ်လိုက်ပြီဖြစ်ကြောင်း (ယခင်က ဘာသာ မတူတဲ့အတွက် ဘုရားရှေ့မှာ လက်မထပ်ဘဲ ကျွန်တော်တို့ကို မွေးခဲ့တာဖြစ်လို့ ) ဝမ်းမြောက်စွာ ပြောပြခဲ့ပါတယ်။ ကျွန်တော့် နားနဲ့တောင် မယုံနိုင်ခဲ့ပါဘူး။ ဟုတ်ရဲ့လားလို့ အထပ်ထပ်အခါခါ ပြန်မေးနေမိပါတယ်။ မထင်မှတ်ထားတာ တွေကို ခံစားခဲ့ရလို့ အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ အပါးလဲ ခရစ်တော်ကို ကယ်တင်ပိုင်ရှင် အဖြစ် လက်ခံခဲ့ပြီး နှစ်ခြင်းခံလိုက်ပြီ ဖြစ်ကြောင်း သိလိုက်ရပါတယ်။ ဘုရားသခင်ဟာ ကောင်းမြတ်ပါတယ်။ အပါးရဲ့ အသက်တာ အတွက် စင်ကာပူ ရောက်ကတည်းက ဆုတောင်းခဲ့တာ ၁နှစ်နဲ့ ၆ လတိုင်ခဲ့ပါတယ်။ ခွန်အားပေးချင်တာက မိတ်ဆွေတို့ရဲ့ အသက်တာမှာ မည်ကဲ့သို့သော စုံစမ်းနှောက်ယှက်ခြင်းတွေနဲ့ ရင်ဆိုင်ရပါစေ။ ဘုရားသခင်ကို အပြစ် မတင်မိဖို့ အဲဒီစုံစမ်း နှောက်ယှက်ခြင်းတွေရဲ့ နောက်ကွယ်မှာ ဘုရားသခင်ရဲ့ ကြီးမားတဲ့ အကြံအစည် ရှိနေတယ်ဆိုတာကို ကျွန်တော့်ရဲ့ မိသားစုလေးအားဖြင့် သက်သေခံဝေမျှလိုက်ပါတယ်။ ။ (သိုးကလေး)

---

## ထာဝရဘုရားရဲ့ ခရစ္စမတ်မီးသီးလေး သဲမြေဦး



ကျွန်မ သိပ်ကျေနပ်တယ်၊ သက်သေခံ ဖြစ်ပြီလေ၊ လွန်ခဲ့တဲ့ ဆယ်စုနှစ် တစ်ခု ကတည်းက ကျွန်မကိုးကွယ်တဲ့ ထာဝရဘုရားရဲ့ ဘုန်းတန်ခိုး အာဏာ ဘော် တော် ကြီးမြတ်တော်မူသော ဘုရားဖြစ်ကြောင်းကို ကမ္ဘာသိအောင် ကြေညာ ချင်တာ ခုတော့ ကျွန်မ ဆန္ဒပြည့်ခဲ့ပါပြီ။ ကျေးဇူးတင်ပါတယ်၊ ဘုရားရှင်–ဟာလေလုယာ။

၁၉၈၀ ခုနှစ် တုန်းက ကျွန်မဟာ မိတ္ထီလာမှာ သက်မွေးသင်တန်းကျောင်း တစ်ခု တက်ခွင့်ရခဲ့ပါတယ်။ အဲဒီမှာ ကျွန်မဟာ ထာဝရ ဘုရားရဲ့ ခရစ္စမတ်မီးသီးလေး အလင်းကြောင့် ကျွန်မ ဘဝထဲကို သခင်ယေရှု ခရစ်တော် ဝင်ရောက် နေရာယူခဲ့ပါ တယ်။ ကျွန်မတို့သင်တန်းက မိန်းခလေး တော်တော်များ ပါတယ်။ နှစ်နှစ် သင်တန်း ဖြစ်တယ်။ တစ်နှစ်ကို သင်တန်းသား အယောက်နှစ်ဆယ်ဘဲ လက်ခံပါတယ်။ ကျွန်မအပါအဝင် ခရစ်ယာန် မိန်းခလေး သုံးယောက်နဲ့ ယောကျ်ားလေးက တစ် ယောက်ဘဲ ရှိပါတယ်။

တစ်လခွဲမှ တစ်ခါဘဲ ထွက်ခွင့်ရပါတယ်။ တစ်ခါထွက်ရင်(၄)ယောက် တစ်ဖွဲ့ ဖွဲ့ပြီး အတူတူ ထွက်ရတယ်၊ အပြင်မှာ လေးနာရီဘဲ နေခွင့်ရတယ်။ စည်းကမ်း အရမ်းတင်းကျပ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ခရစ်ယာန် လေးယောက်ကတော့ အထူး အခွင့်အရေး ရပါတယ်။ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်း သွားခွင့်ရပါတယ်။ ကျွန်မ တို့ကလည်း သစ္စာရှိစွာ ဘုရားကျောင်းဘဲ သွားပါတယ်။ ပြီးရင် အဆောင်ကို ပြန်လာ၊ နေ့လယ်စာ စားပြီး နားနားနေနေ ဝက်စည်းစိမ် ခံစားပါတယ်။ (စားပြီး အိပ်တတ်တဲ့ စရိုက်ကိုဝက်နဲ့ နှိုင်းပြတာပါ)

အဲဒီ အချိန်ပိုင်းများမှာဘဲ ခရစ္စမတ်မီးလုံးလေးရဲ့ အလင်းကို ကျွန်မ တွေ့ရှိခဲ့ပါတယ်။ သယ်ဆောင် လာပေးတဲ့ သူကတော့။ ကိုဝင်းမြင့် ဖြစ်ပါတယ်။ သူဟာ အရင်တုံးကတော့ မယုံကြည်သူ တစ်ယောက်ပါ။ ခရစ်ယာန်တွေဆို သူက ကြည့်လို့ မရဘူးတဲ့။ သူက မီးလုံးလေးရဲ့ အလင်းတန်ခိုးကို မသိရသေးခင်တုံးမှာ လျှပ်စစ် ပစ္စည်း အရောင်းဆိုင်ငယ်လေးတစ်ခု ဖွင့်ပြီး ရောင်းချ ပိုင်ဆိုင်ခဲ့သူပေါ့။ အဲဒီ အချိန်မှာဘဲ သူ့ရဲ့ ဦးလေးတော်စပ်သူ ခရစ်ယာန်လူကြီး တစ်ဦးက ခရစ္စမတ်မှာ ထွန်းဖို့ အော်တိုမစ်တစ် ရောင်စုံမီးသီးတွဲလေးတွေ (နှစ်ဖူး) သူ့ကို မှာထားတယ်တဲ့၊ ဒါပေမဲ့ ဦးကြီးက လာ မယူဖြစ်သေးဘူး၊ ဦးလေးက ခရီးသွားစရာရှိလို့ မအားသေးတာနဲ့ မောင်ဝင်းမြင့်ဘဲ သိမ်းထားပေးအုံး။ ခရီးထွက်ရာက ပြန်လာမှ လာယူမယ်ဆိုလို့ ကိုဝင်းမြင့်က အဲဒီ မီးသီးစက္ကူဖူးနှစ်ဖူးကို သူ့ဆိုင်မှာ ဘဲ သိမ်းထားလိုက်တယ်။

မမျှော်လင့်တဲ့ အဖြစ်ဆိုးတစ်ခု ဖြစ်လာတယ်။ မိတ္ထီလာမှာ မီးအကြီးအကျယ် လောင်တယ်လေ။ ကိုဝင်းမြင့်ရဲ့ လျှပ်စစ် ပစ္စည်းအရောင်းဆိုင် မိတ္ထီလာ မီးဘေးကြီးထဲမှာ ပါသွားသတဲ့။ ကိုဝင်းမြင့်လဲ သိပ်ပြီးတော့ သောကဗျာပါဒ များသွားတယ်။ နောက်နေ့ မနက်မိုးလင်းတော့ မီးလောင်ပြာပုံဆိုင်ရှေ့ကို ကိုဝင်းမြင့်ရောသူ့ဦးလေးပါ ရောက်လာတယ်။ ဦးလေးက ဘာပြောသလဲသိလား။ ငါ့နှယ်ကွာ မနေ့ကတည်းက ငါ့မီးသီးတွဲဖူးလေး ယူသွားရင်ရသားနဲ့၊ ခုတော့ မီးထဲ ပါသွားလို့ ပိုက်ဆံ ဆုံးပြီပေါ့၊ နမြောလိုက်သကွယ် တဲ့။ ကိုဝင်းမြင့် ရှုံးကနဲ ဒေါကန် သွားပြီး သူများကဖြင့် ဆိုင်တစ်ခုလုံး မီးထဲပါသွားလို့ စိတ်ဓါတ်ကျနေတာကို အားမပေးဘဲနဲ့။ ဘာ မဟုတ်တဲ့ သူ့မီးသီးလေးကို နမြောတသ ဖြစ်နေတယ်။ ဟင်း–ဦးလေး မို့လို့ပေါ့နော်။ တခြားလူသာဆို ဆွဲထိုးပစ်လိုက်မယ်တဲ့။ စိတ်ထဲက ကြုံးဝါးနေတာပါ။ သူကတော့ ဘာရယ် ညာရယ်မဟုတ်ဘူးပေါ့။ မီးလောင်ပြာပုံထဲကို ထုတ်တစ်ချောင်းနဲ့ ဒေါက်ဒေါက်ဒေါက်နဲ့ လိုက်ပြီး ထိုးဆွလိုက် ကလော်လိုက် လုပ်နေတယ်။

လောကတွင် လိုချင် တပ်မက်ကြသည့် ရမ္မက်များကြောင့် မိသားစုကွဲပြားခြင်း၊ ဥစ္စာပို၍ ဆုံးရခြင်း၊ တစ်ကိုယ်ကောင်း ဆန်ခြင်း၊ အတ္တပို၍ ရှိလာခြင်း၊ ဘဝင်မြင့်ခြင်း၊ အကောင်ကြီးကြီး အမြီးရှည်ရှည် ဖြစ်ချင်စိတ် ပေါက်လာခြင်း၊ အစရှိတဲ့ ခရစ်တော်ဘုရားနှင့် ဆန့်ကျင်ဘက် အတွေးအခေါ်များ ဝင်ရောက် စိုးမိုး လာတတ်ကြောင်း အဖြစ်အပျက်များစွာတွေ့ရမည်ဖြစ်သည်။

အဲဒီလို ထိုးနေရင်းနဲ့ တစ်နေရာမှာ မာခေါက်ခေါက် အောက်ခံတခုကို ထိုးမိသွားတယ်။ ဒုတ်ဒုတ်နဲ့ အသံကြားရတယ်ဆိုဘဲ၊ ဒါနဲ့ ကိုဝင်းမြင့်လဲ၊ ဘာလဲ မသိဘူးဟ ဆိုပြီး ပြာမဲမဲတွေ ကို ယက်ထုတ်ပစ်ပြီး အဲဒီအရာဝတ္ထုလေးကို ကောက်ယူ လိုက်တယ်။ ပြာတွေကို ခါထုတ်လိုက်တယ်။ လျှပ်စစ် မီးလုံးလေး။ ဦးလေး မှာထားတဲ့ ခရစ္စမတ်မီးလုံး ဖူး နှစ်ဖူးတွဲလေး။ စက္ကူဖူးလေးတွေက ပြာတွေနဲ့ ပေကပ်နေတာကလွဲလို့ မီးလုံး မကျွမ်းဘူးတဲ့။ အဲဒီအချိန်မှာ ဘုရားရှင်က ခရစ်ယာန်တွေကို ကြည့်လို့မရတဲ့ ကိုဝင်းမြင့်ကို ဘုရားရှင်က ချစ်တဲ့အကြောင်း စကား စပြောနေပါပြီ။ အလိုက်မသိတဲ့ ဦးလေးကတော့ ဝမ်းမြောက်စွာနဲ့ သူ့ရဲ့ ခရစ္စမတ် မီးလုံးလေးတွေကို ယူပြီး ပျော်ရွှင်စွာ ထွက်သွားလေရဲ့ ။ ကိုဝင်းမြင့်မှာသာ စဉ်းစားစရာတွေ များနေပါပြီ။ သံထည်တွေ၊ သတ္တုထည်တွေ၊ သစ်သားတွေ အားလုံး မီးလောင်ပြာကျ ကုန်တယ်။ ဒီစက္ကူဘူးနဲ့ ခရစ္စမတ် မီးသီးလုံးလေး ဘာကြောင့် မီးမလောင် ပြာမကျဘဲ အကောင်းပကတိ ရှိနေရတာလဲ။ ကိုဝင်းမြင့်ဆိုတဲ့ နှလုံးသား သံမဏိခဲကြီးဟာ မီးလုံးရဲ့ အလင်းကြောင့် ဘဝမှာ သခင်ယေရှုကို ခရစ်တော်ကို ပိုင်ပိုင်နိုင်နိုင်ကြီး မြင်တွေ့ ရပြီလေ။ သူ့ရဲ့ အသက်၊ ခန္ဓာ၊ ဝိညာဉ် သုံးပါး စလုံး ခရစ်တော်ကို ယုံကြည်စွာ ပုံအပ်လိုက်ပြီး ကောင်းကြီးများစွာ ခံစားရပြီး ထာဝရအသက်ကို ရသွားခဲ့ပါပြီ။

အရင်တုန်းက လျှပ်စစ်ပစ္စည်း အရောင်းဆိုင်ငယ်လေးပိုင်ရှင် ကိုဝင်းမြင့်ဟာ ယခု ကျွန်မ သက်သေခံချက် ရေးနေချိန်မှာတော့ မိတ္ထီလာမြို့ပေါ်မှာ အဆင့်အမြင့်ဆုံး ထိပ်တန်း လျှပ်စစ်ပစ္စည်းစတိုးဆိုင် ပိုင်ရှင် သူဌေးကြီး ဖြစ်သွားပါတယ်။ ချစ်သော ခရစ်ယာန် မိတ်ဆွေ ညီအစ်ကို မောင်နှမများ၊ မည်သည့် အကူအညီမျိုး မဆို ငွေရေးကြေးရေးကအစ၊ လိုအပ်လျှင် သူ့ဆီရောက်လာပါက ကိုဝင်းမြင့်က အခမဲ့ ကူညီပေးရန် အဆင်သင့်ရှိနေကြောင်းပါတဲ့။

အဲဒီ အချိန်တုန်းက ကျွန်မက အသက် နှစ်ဆယ် ပတ်ဝန်းကျင်အရွယ်ပေါ့။ ကျွန်မဟာ ယုံကြည်သူ သာမာန် ခရစ်ယာန်တယောက်ဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာကို နက်ရှိုင်းစွာတော့ မသိရှိသေးပါဘူး။ ဒါပေမယ့် အဲဒီနေ့ ကိုဝင်းမြင့်ရဲ့ သက်သေခံ ဝေငှချက်ကို ကြားခဲ့ရတဲ့ အချိန်ကစပြီး ခရစ္စမတ်မီးလုံးလေးရဲ့ အလင်းရောင်ကြောင့် ကျွန်မ ဘဝမှာ အမှောင်ဆိုတာ လုံးဝမရှိတော့ပါဘူး။ ကျွန်မ ဘဝရဲ့ ခံစားချက်တွေ အားလုံးဟာလည်း အလင်းရောင်ရဲ့ အေးမြမှု အရိပ်အောက်မှာ ကောင်းကင်တမန်များနဲ့အတူ ခရစ္စမတ်တေးတွေ၊ ဂုဏ်တော်ချီးမွမ်း သီချင်းတွေကို အားပါးတရ သီဆိုကျူးအေး သီဆိုနေမြဲပါ။ အို ဟာလေလုယာ ဘုရားရှင်။ ကျွန်မရဲ့ အသက်တာမှာ ဘယ်သောအခါမှ မေ့နိုင်မှာ မဟုတ်တဲ့ ကိုယ်တိုင်နားနှင့် ဆတ်ဆတ်ကြားခဲ့၊ မျက်စိဖြင့် မြင်ခဲ့ရသော သက်သေခံချက်ကို ပြန်လည်၍ ဝေငှလိုက်ပါတယ်။ ဖတ်ရှုရသော စာဖတ်သူ ချစ်သော မိတ်ဆွေ အယောက်စီတိုင်းအား ကျွန်မနှင့် အတူ တကွ ဘုရားရှင်၏ ကောင်းကြီး မင်္ဂလာ ဆုကျေးဇူးများစွာ ခံစားကြရပါစေ။ အာမင်

---

## သတိ-ရမ္မက်ထက်အသက်အရေးကြီးသည်

ဆူးရင့်စိမ်း

ထမင်း ဆီဆမ်းကိုမှ ရွှေလင်ဗန်းကြီးနှင့် ပေးပါရန် တောင်းဆိုခဲ့ဖူးသော ကလေးများထဲတွင် ကျွန်မလည်း ပါဝင်ခဲ့ပါသည်။ ကလေးများ မူကြိုတေးကဗျာလေးသည် ကျွန်မ၏ ရင်ထဲတွင် ထိုကလေးအရွယ် ကတည်းကပင် လိုချင်တောင့်တသည့် ရမ္မက်တစ်ခုအား သိသာထင်ရှားစွာ ဖော်ပြပေးခဲ့သည်။ တူ၏လော၊ တန်၏လော။ ရွှေဆိုသည့်အရာသည် မည်သို့မည်ပုံရှိ၍ မည်မျှ အဘိုးတန်ကြောင်း မသိသေးသော်လည်း အမှန်တကယ်ပင် ရွှေလင်ဗန်းကြီးအား လို ချင်ခဲ့သည်။ ထိန်ထိန်သာနေတဲ့ လမင်းကြီးကို စူးစူးရှရှ မော့ကြည့်ရင်း နှုတ်မှလည်း "ဘုရားသခင်ရယ် ဖိုးလမင်းကြီးကို စေခိုင်းပြီး သမီးအတွက် ရွှေ လင်ဗန်းကြီး ချပေးပါလား" ဟုတောင်းဆု ပြုခဲ့ပါသည်။ ကျွန်မ တောင်းတဲ့ဆုနဲ့ ပြည့်ဝခဲ့သည်ဟု ဆိုရပေလိမ့်မည်။ ဘုရားသခင်သည် ဖိုးလမင်းကြီး အစား အမေ့ကို စေခိုင်းကာ ရွှေလင်ဗန်းကြီးအစား ကြွေရည်သုတ် သံလင်ဗန်းကြီး တစ်ချပ်ကို ကျွန်မအတွက် ပြင်ဆင်ချပေးခဲ့ပါသည်။ အကြောင်းမှာ မောင်နှမ များလွန်း၍ ထွမင်းစားချိန်ရောက်တိုင်း အမေလက်ညောင်း ရလေသည်။ ပုံအောနေသော ထွမင်းစားပန်းကန်များကို ဆေးကြောရသောကြောင့်တည်း။ ထို့ကြောင့်လည်း အမေ အကြံရကာ ဈေးထဲ၌ ရောမ သံလင်ဗန်းကြီးတစ်ခုအား ဝယ်လာ၍ မိသားစု လင်ဗန်းဟု ခေါ်တွင်စေသည်။ (ယနေ့ထက်တိုင်အမှတ်တရအဖြစ်ရှိနေသေးသည်) ထိုမိသားစု လင်ဗန်းကြီးထဲတွင် မောင်နှမ အရေအတွက်အလိုက် ထွမင်းတစ်ပုံချင်း ပုံကာ ဘုံပိုင် ထွမင်း ပန်းကန်အဖြစ် အသုံးပြုခဲ့ရလေသည်။ အိမ်တွင် မကြာခဏ ဝက်ပေါ် (ဝက်သတ်၍ အသားရောင်းသည်) တတ်သောကြောင့်လည်း ဝက်ဆီ ဆမ်းထားသော ထွမင်းကို မိသားစု လင်ဗန်းကြီး ထဲ၌ ကျွန်မ အပါအဝင် မောင်နှမများ လက်စုံ မြိန်ယှက်စွာ စားသောက် ခဲ့ကြလေသည်။ ထိုအဖြစ်အပျက် လေးကို မြင်ယောင်မိတိုင်း ဘုရားသခင် သည် ကျွန်မ တောင့်တခဲ့သော ရွှေလင်ဗန်း ကြီးထက် သာ၍ အဖိုးများစွာ ထိုက်သော မိသားစု လင်ဗန်းကြီးကို ချပေးခဲ့ကြောင်း ခံစားရလေသည်။ ထိုမိသားစု လင်ဗန်းကြီး ထဲတွင်လည်း စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ချစ်ခြင်း၊ မျှဝေခြင်း၊ တလုံးတဝတည်း ရှိစေခြင်း၊ အစရှိတဲ့အရာများအပြင် အသက်နှင့်အမျှ တန်ဖိုးရှိတဲ့ မိသားစု ဟူသည့် အနှစ်သာရကို ကျွန်မ ရှာဖွေတွေ့ရှိခဲ့ပါသည်။

တစ်ခါတရံ ကျွန်မတို့လူသားများသည် ဘုရားသခင်ထံတွင် ဘာ ဆုတောင်းလို့ တောင်းရမှန်းမသိအောင် လိုချင်သည့် အရာများကိုအတင်း တောင်းတတ် ကြပါသည်။ ထို့ကြောင့်လည်း ဘဝတွင် အလိုအပ်ဆုံး အရာများ ဆုံးရှုံးရပြီး လိုချင်နေသည့်ဆန္ဒ ရမ္မက်နောက်သို့သာလျှင် ကြိုးစားပြီး လိုက်နေကြရခြင်းဖြစ်သည်။ လူ့သဘောလူ့မနော လူတို့၏ ပင်ကိုယ် စိတ်နေ သဘောထားကို ထင်ဟပ် ပေါ်လွင်စေတဲ့ သမ္မာကျမ်းစာပါ အဖြစ်အပျက် လေးတစ်ခုဖြင့် ဆင်ခြင်မိရန် (ရှင်မာကု ၁၀:၃၅–၄၅)အား ဖတ်ဖို့ ကျွန်မ တိုက်တွန်းလိုက်ပါသည်။

သင်တို့မူကား ထိုသို့မပြုကြနှင့်။ သင်တို့တွင် အကဲအမှူး ပြုလိုသော သူသည် သင် တို့အစေခံ ဖြစ်ရမည်။ သင်တို့တွင် အထွဋ်အမြတ် လုပ်ချင်သော သူသည်လည်း အလုံးစုံ တို့၏ စေခိုင်းရာကျွန် ဖြစ်ရမည်။ အကြောင်းမူကား၊ လူသားသည် သူတပါး ကို စေစားခြင်းငှါ မလာ၊ သူတစ်ပါး အစေကိုခံခြင်းငှါရင်း၊ မိမိအသက်ကို စွန့်၍ လူများ ကို ရွေးခြင်းငှါရင်း၊ ကြွလာသတည်းဟု မိန့်တော်မူ၏။

သခင်ယေရှုခရစ်တော်နှင့် တပည့်တော်တို့အကြား ရင်းနှီးပွင့်လင်းစွာ အပြန် အလှန်ပြောဆိုဆက်ဆံသည့် ဖြစ်ရပ်လေးဟာ ငယ်စဉ်က ကျွန်မ တောင်းခဲ့ဖူးသောဆုကို သာ၍မြင်သာအောင် ရှင်းပြထား သကဲ့သို့ခံစားရပါသည်။ လောကတွင် လိုချင် တပ်မက်ကြသည့် ရမ္မက်များကြောင့် မိသားစုကွဲပြားခြင်း၊ ဥစ္စာပို၍ ဆုံးရခြင်း၊ တစ်ကိုယ်ကောင်း ဆန်ခြင်း၊ အတ္တပို၍ ရှိလာခြင်း၊ ဘဝင်မြင့်ခြင်း၊ အကောင်ကြီးကြီး အမြီးရှည်ရှည် ဖြစ်ချင်စိတ် ပေါက်လာခြင်း၊ အစရှိတဲ့ ခရစ်တော်ဘုရားနှင့် ဆန့်ကျင်ဘက် အတွေးအခေါ်များ ဝင်ရောက် စိုးမိုး လာတတ်ကြောင်း အဖြစ်အပျက်များစွာတွေ့ရမည်ဖြစ်သည်။ ယုံကြည်သူလို့ မိမိကိုယ်ကို ခေါ်ဝေါ်ကြသော ခရစ်ယာန်များ အဖို့မှာတော့ ခရစ်တော်ပေးတဲ့ ထာဝရ အသက်နှင့် ကောင်းကင်နိုင်ငံတော်တွင် မိသားစုစာရင်းဝင်ထားခြင်း သည်သာလျှင် အလိုအပ်ဆုံး၊ အရေးကြီးဆုံး၊ အဖိုး အတန်ဆုံး ဆု ဖြစ်ကြောင်း၊ ထိုဆုကို ဘုရားသခင်ထံမှ ရရှိထားခြင်းကြောင့် အခြားဆုများ တောင်းသည့်အခါ၌ ထို ထာဝရအသက် ဆု ကျေးဇူးအား မြင်ယောင်တန်ဖိုးထားစေရန် "သတိ... ရမ္မက်ထက် အသက် အရေးကြီးသည်"ဟု စာဖတ်သူများကို ကျွန်မ ထပ်ဆင့် သတိပေး ရေးသားဝေငှလိုက်ပါသည်။ ။ ***ဆူး ရင့်စိမ်း*** (ခေတ္တကမ္ဘာမြေ)

---

## မောနွေလ

ဆူး

မောနွေလ အနက်ကား "ငါတို့နှင့်အတူ ရှိတော်မူသောဘုရား" ဟု ဆိုလိုပါသည်။ ကျွန်တော်သည် ( )ကရင် နှစ်ခြင်းအသင်းတော် တွင် သင်းအုပ်ဆရာ ( ) လက်ဖြင့် အသင်းသားအဖြစ် ခံယူခဲ့ပါသည်။ ကျွန်တော်၏ သင်းအုပ်ဆရာသည်၊ သာသနာပြုဆရာကြီးလဲဖြစ်သည်။ ဝ၊ လားဟူ စသည့် တောင်ပေါ်ဒေသများသို့ သွားရောက်၍ ကိုယ်တော်အကြောင်း သတင်းကောင်း များကို ဖြန့်ဝေခဲ့ဖူးသူ ဖြစ်သည်။ သို့သော် ဆရာကြီးသည် ယခုအချိန်တွင် ခရစ်တော်၌ အိပ်ပျော်ခဲ့ပြီးဖြစ်သည်။ သူ၏ ခန္ဓာလှဲလျောင်းရာ အုတ်ဂူအနီး၌ ဒေါက်တာ( )၏ အုတ်ဂူကို တွေ့ရသည်။ သူတို့နှစ်ဦးစလုံးသည် သက်ရှိ ထင်ရှားစဉ်အခါက အသင်းတော်အတွက် အဘက်ဘက်မှ ကြိုးစား ဆောင်ရွက်ခဲ့ ကြသလို ခရစ်တော် အကြောင်း သက်သေခံရာတွင်လဲ အလွန်ထင်ရှားသည်။ ဒေါက်တာ( ) သည် အသင်းတော်ရှိ မြန်မာ အစီအစဉ်တစ်ခုတွင် သူ၏ မိတ်ဆွေအကြောင်း တရားဟောဖူးသည်။ သူ၏ မိတ်ဆွေသည် ရာထူး တိုးတက်ရေးအတွက် ခရစ်တော်ကို ကျောခိုင်းသွားခဲ့ဖူးကြောင်း ရင်နာနာနှင့် ပြောပြခဲ့ဖူးသည်။

မိမိတို့ယုံကြည်သူများ အနေနှင့်လဲ တစ်နေ့တစ်ချိန်တွင် ပစ္စည်းဥစ္စာ ရာထူး၊ ငွေကြေး၊ ကြေးရေးများဖြင့် စာတန်က အကြီးအကျယ် အနှောင့် အယှက်ပေးနိုင်ကြောင်း သတိပေးခဲ့ဖူးသည်။ ဆရာ( )သည်လည်း ခရစ်တော် အကြောင်း စာပေအားဖြင့်သော်လည်းကောင်း တရားဟော ခြင်းဖြင့် လည်းကောင်း ဝမ်းမြောက်စရာသတင်း ဖြန့်ဝေခဲ့သူတစ်ဦးဖြစ်သည်။ ရောမ ၁၀:၁၅–၁၆

ကိုယ်တော်၏ သတင်းကောင်းကို ဟောကြားခဲ့ဖူးသော ထိုပုဂ္ဂိုလ် နှစ်ဦးစလုံးသည် ဤလောကတွင် မရှိတော့ပါ။ သို့သော်လည်း ကောင်းကင်ဘုံရှိ

အောင်မြင်တဲ့ သူတွေအတွက် ပြဿနာတိုင်းဟာ အခွင့်အရေး ဖြစ်သွားပေမဲ့ ၊ ဆုံးရှုံးတဲ့ သူတွေအတွက် အခွင့်အရေးတိုင်းဟာ ပြဿနာ ဖြစ်သွားတတ်တယ် ။

မောရှေလ တည်းဟူသော ကျွန်ုပ်တို့နှင့် အတူရှိတော်မူသော ဘုရားထံတွင် ထိုသူနှစ်ဦး အတူတူ ငြိမ်သက်စွာ ရှိနေပေသည်။ ဟေဗြဲ ၁၃း၇ ။ *ထူး*

---

## သက်သေခံချက် Mang(Kalay)

ကျွန်တော် စင်ကာပူ ရောက်လာတာ ၁၀လတောင် ကျော်လာပါပြီ။ သခင့်စကား စာစောင်တွင် ကိုယ်တော်ရှင်၏ ကောင်းမြတ်တော်မူသောအကြောင်း ရေးသား သက်သေခံခွင့်ရသောကြောင့် အတိုင်းထက်အလွန်ဘဲ ကျေးဇူးတော် ချီးမွမ်းရင်း ဝမ်းသာမိပါတယ်။ ဘုရားသခင် ကိုယ်တော်ရှင်က ကျွန်တော့် အပေါ်မှာ အလွန်ဘဲ ကောင်းမြတ်ပါတယ်။ ကိုယ်တော်ရှင်ဘုရားရဲ့ ကောင်းမှုသည် ကျွန်ုပ် မွေးကင်းစမှ စ၍ ယနေ့ထိတိုင်အောင် ခံစားရတဲ့အတွက် သက်သေခံရင် ဆုံးနိုင်မှာ မဟုတ်ပါ။

ကျွန်တော် တက္ကသိုလ်တက်တော့ သူငယ်ချင်း တွေ တဘုန်းဘုန်း ကျတယ်။ သူတို့ စာမေးပွဲကျတော့ ကျွန်တော် ဘုရားသခင်ဆီမှာ ဆုတောင်းတယ်။ ကျွန်တော့် ကို ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တစ်နှစ်မှ မကျပါက ကိုယ်တော်ရှင်ရဲ့ ဗိမ္မာန်တော်မှာ သက်သေခံမယ်လို့ ကတိ ပေးခဲ့ပါတယ်။ ဘုရားသခင်က ကျွန်တော့် ရဲ့ ဆုတောင်းချက်ကို အဖြေပေးခဲ့သော်လည်း ကျွန်တော်က ဘုရားသခင် အပေါ်မှာ ကတိ မတည်ခဲ့ပါဘူး။ လူသား အနေနဲ့ ကြည့်ရင် တစ်ယောက်က တစ်ယောက်အပေါ် ကတိ ပျက်ခဲ့ရင် တော်တော့်ကို စိတ်ဆိုးကြပါတယ်။ ဒါပေမဲ့ ဘုရားသခင်ကတော့ ကျွန်တော်တို့အပေါ် စိတ်မဆိုးတဲ့အပြင် ချစ်မြဲ ချစ်နေပါတယ်။ ကောင်းကြီးများ တစ်ခုပြီး တစ်ခု ပေးမြဲ ပေးနေပါတယ်။ ကျောင်းပြီးသွားလို့ အလုပ် မရှိချိန်မှာလဲ သင့်တော်တဲ့ အလုပ်ကို ဘုရားသခင်က ပေးခဲ့ပြန်ပါတယ်။ ကျွန်တော်လုံးဝ ထင်မထား၊ မျှော်လင့် မထားတဲ့ Hotel Assistance Manager အလုပ်ကို ရခဲ့ပါတယ်။ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်လို့ ဆုတောင်းခဲ့ပေမဲ့ သက်သေခံဖို့ မေ့နေခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော် နိုင်ငံခြားသွားချင်တဲ့ ရောဂါတစ်ခု ဝင်လာခဲ့ပါတယ်။ အာရှတိုက်ထဲက စင်ကာပူနိုင်ငံက လွဲရင် တခြား နိုင်ငံတွေကို မသွားချင်ပါဘူး။ စင်ကာပူသွားခွင့်ရဖို့ ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင် ပြင်ဆင်ပေးခဲ့ပါတယ်။ ပွဲစားက ငွေ (–)သိန်းနဲ့ သူ့ဆီလာဖို့ ၂ရက်အလိုမှာ ဖုန်းဆက် ခေါ်ပါတယ်။ ကျွန်တော်လဲ အဲဒီမှာ ခေါင်းမီးတောက်ပါ တော့တယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပါဘူး။ လက်ထဲမှာ ပေးစရာ ပွဲစားခ မရှိလို့ အရမ်းကို စိတ်သောက ရောက်ခဲ့ရပြန်ပါတယ်။ ဒီတစ်ချိန်မှာလဲ ဘုရားသခင် လိုအပ်တဲ့ငွေကို ပြင်ဆင်ပေးလို့ စင်ကာပူ သွားခွင့် ရပေမဲ့ သက်သေခံဖို့ မေ့နေခဲ့ပါသေးတယ်။

နောက်တော့ အိမ်မှာ မိသားစုရဲ့ ပြဿနာ ပေါ်လာပါတယ်။ ကျွန်တော့်ရဲ့ အမေ နေမကောင်းတဲ့အတွက် ငွေလိုနေတယ်ဆိုတဲ့ စာရောက်လာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့် လစာလဲ မရသေးသလို ချေးငှားဖို့ သူငယ်ချင်းတွေဆီမှာလဲ ငွေပိုငွေလျှံ မရှိတဲ့အတွက် တော်တော်အခက်အခဲ တွေ့ခဲ့ပါတယ်။ ကျွန်တော် ဒူးထောက်ပြီး ဆုတောင်းတဲ့အခါမှာ ဘုရားသခင်က ပြဿနာကို ဖြေရှင်းပေးခဲ့ပါတယ်။ ဒီလောက် ကောင်းမြတ်တဲ့ဘုရားက အပြစ်ရှိတဲ့ ကျွန်တော့်ကို ပို့ဆောင်ပေးနေပေမဲ့ ကျွန်တော်ကတော့ ဘုရား ကောင်းမြတ် ကြောင်း သက်သေခံဖို့ မေ့နေခဲ့၊ တွန့်ဆုတ် နေခဲ့ပါတယ်။ အခုတော့ ဘုရား ကောင်းမြတ်ကြောင်းကို သခင့်စကားစာစောင်အားဖြင့် သက်သေခံလိုက်ပါတယ်။ ကျွန်တော် ခွန်အားပေးချင်တာကတော့ အပြစ်များကို ဝန်ချတောင်းပန် စွန့်ပစ်ပြီး ခန္ဓာကိုယ် စိတ်နှလုံး အကြွင်းမဲ့ ယုံကြည်မှုနဲ့ ဆုတောင်းရင် ထူးခြားတဲ့ ကောင်းမြတ်ခြင်းကို ခံစားရရှိပါလိမ့်မယ်။ ယော ၁၆း၂၄ ။ **Mang ( Kalay)**

---



## လွမ်းနေမယ့်ခရစ္စမတ် *သဲမေဦး*



ကျွန်မဟာ မိဘစဉ်ဆက် ခရစ်ယာန် တစ်ယောက်ဖြစ်ခဲ့လို့ ခရစ္စမတ် ရောက်တိုင်းမှာ ရှိတဲ့နေရာမှာ ပါဝင်ဆင်နွှဲခဲ့ပါတယ်။ ခရစ္စမတ် လရာသီ တိုင်းမှာလည်း အမြဲပဲ ရင်ခုန်ပျော်ရွှင်ခဲ့ပါတယ်။ ဒီရင်ခုန်တာကိုတော့ ခရစ်ယာန် တိုင်းနားလည်ကြမယ်လို့ ယုံကြည်ပါတယ်။ ကျွန်မ အတွက်ကတော့ ဘုရားရဲ့ ချစ်ခြင်းကို သိရလို့ ဘုရားသခင့်ငါ့ကို ချစ်တဲ့အတွက် မွန်မြတ်တဲ့ လက်ဆောင်မွန် ကို ငါနဲ့တကွ ကမ္ဘာသူကမ္ဘာသားများကို ပေးပို့လိုက်ပြီဆိုတဲ့ ရင်ခုန် ပျော်ရွှင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီလို ပျော်ရွှင်ရခြင်း အကြောင်းလေးကို တနှစ်တခါနှစ်စဉ် ကျင်းပမြဲ ဖြစ်ပေမယ့် ရိုးမသွားပါဘူး။ ခံစားချက် မပြောင်းသွားပါဘူး။ ယုံကြည်သူ မိသားစု များ နှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲမြဲပါပဲ။

ကျွန်မရဲ့ အသက်တာမှာ အမြဲပဲ ပြန်လည်တမ်းတပြီးတော့ တသသ လွမ်းနေရမယ့် ခရစ္စမတ်ပွဲလေးတစ်ခုကို ရင်ခုန်ကြည်နူးစွာ ဆင်နွှဲခဲ့ရဖူးပါတယ်။ ဒီပွဲမှာ တစ်ခု ထူးဆန်းတာကတော့ မယုံကြည်သူ အယောက် ငါးဆယ်ကျော် ပါဝင်ပြီးတော့ ယုံကြည်သူက (၄)ယောက်ဘဲ (ကျွန်မ အပါအဝင်) ဖြစ်ပါတယ်။ ဒီပွဲကို ကမကထ လုပ် ဦးဆောင်သူကတော့ ယုံကြည်သူ ကျွန်မတို့ လေးယောက်၊ အချိန်နဲ့ နေရာကတော့ (၁၉၈၀ ခုနှစ်) ဝန်းကျင် စက်မှုစိုက်ပျိုးနှင့် သက်မွေး ပညာ ဦးစီး ဌာန၊ အထက်တန်း ယက်ကန်းကျောင်း မိတ္ထီလာမြို့ ဖြစ်ပါ တယ်။

ခရစ္စမတ် မနက်ခင်းမှာပဲ ကြိုတင်ပြင်ဆင် ကြေညာထားခြင်း မရှိပဲနှင့် ကျွန်မနှင့် သင်တန်းသားတစ်ယောက် ဓါးတစ်ချောင်းနှင့် တမာကိုင်း (အညာမှာ ထင်းရှူးပင်မရှိလို့ တမာပင်ကို သုံးကြရပါတယ်) တစ်ကိုင်းကို ခရစ္စမတ်ထရီး လုပ်ဖို့ ခုတ်ယူပြီး အဆောင်ရှေ့က ကွပ်ပျစ်ဘေးမှာ စိုက်ထူလိုက်ပါတယ်။ ဘုမသိ ဘမသိတဲ့ မယုံကြည်သူ သင်တန်းသူတွေ အပင်ရှေ့ကို တပြုံကြီးရောက်လာကြပြီးတော့ ရောင်စုံပူဖေါင်းများကို ဝိုင်းမှုတ်ပြီး ချိတ်ဆွဲလိုက်တဲ့အခါ "ခရစ္စမတ်ပွဲ ကျင်းပမယ်ဟေ့" ဆိုပြီး အားလုံးက ပျော်သွားကြပြီး ကြွက်ကြွက်ညံ သွားပါတယ်။ ပြီးတော့မှ ဒီနေ့ကျင်းပမယ်။ လက်ဆောင် လဲလှယ်ကြမယ်၊ အားလုံး ပြင်ဆင်ကြ၊ ဆိုတော့ အားလုံး အဆောင်ပြန်၊ ပိုက်ဆံယူပြီး လက်ဆောင်ပစ္စည်းများဝယ်ရန် ဈေးသို့ ချီတက်သွားကြပါသည်။ ဟဲ့ ငါက ဘာဝယ်မယ်၊ ညာ ဝယ်မယ်ဆိုပြီးနှင့် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပါတယ်။

ကျွန်မတို့ ယုံကြည်သူလေးယောက်က ခရစ္စမတ်မှာ အကျွေးအမွေး လုပ်ဖို့ ပိုက်ဆံစုတာ တစ်ယောက်ငါးကျပ်စီနဲ့ ပိုက်ဆံ နှစ်ဆယ်ကျပ်ရပါတယ်။ ပဲကြီးလှော်နဲ့ လက်ဖက်သုပ်ဝယ်၊ အဆောင် စားဖိုဆောင်က ဆီယူပြီး ကျွန်မတို့ လက်ရာ ပဲကြီးလှော်၊ ခရမ်းချဉ်သီး လက်ဖက်သုပ် ချဉ်ငန်စပ်လေးကို အညာ နေပူလေပူ အောက်မှာ လက်ဖက်ရည် ပူပူလေးမှုတ်သောက်ရင်း ပဲကြီးလှော် တကြွပ်ကြွပ် ဝါးခဲ့တာ အရမ်းပျော်စရာ ကောင်းခဲ့တာပေါ့။

အံမယ် အထင်မသေးပါနဲ့၊ Merry X'mas to you all လို့တောင် အသံမတည့်ပေမယ့် အသားကုန် ဟစ်ခဲ့ကြပါသေးတယ်။ ခရစ်တော် ဖွားတော်မူခန်း ပြဇာတ်တော့ မပါခဲ့ပါဘူး။ ဒါပေမဲ့ ခရစ်တော်ရဲ့ မွေးနေ့ဆိုတာ ကိုတော့ အားလုံးက သိနေကြပါတယ်။ ကျွန်မတို့က အားလုံးရတဲ့ ခရစ္စမတ် တေး တစ်ပုဒ်ကို ဂစ်တာတစ်လက်နဲ့ လေးယောက်သား အသားကုန် ဟစ်ခဲ့ပြန်ပါသေးတယ်။ အဲဒီ သီချင်းလေးကို ကျွန်မ မှတ်မိသ လောက်ရေးပြရရင် "သာယာစိုပြေညမို့ ငွေကြယ်တာရာလေးတွေ ကြည်ကြည်လင်လင် ဝင်းဝင်း လက်လက်တောက်ပနေ၊ ဝေဟင်မြေပြင် တဝှမ်းလုံး လေငယ်ပြေပြေ သွေးနေ၊ သန်းခေါင်ယံမှာ ခရစ်တော်ယေရှုဖွားမြင်ပြီ၊ ဒို့တတွေကို ကယ်တင်ဖို့ လူ့ အဖြစ်ယူကာ ကညာမယ်တော် မာရီးယားမှ ဖွားမြင်တော်မူရှာ" အဲဒီ အထိပဲ ကျွန်မ မှတ်မိတော့တယ်။ အဲဒီတုန်းကတော့ သီချင်းအစအဆုံး အကုန်ရပါတယ်။ ခုတော့ သိတယ် မှတ်လား၊ အသက်က စကားပြောနေပြီလေ။

အားလုံး ရင်ခုန်ပျော်ရွှင်ကြတဲ့ လက်ဆောင် လဲလှယ်ခန်းကို ရောက်လာပါပြီ။ ကျွန်မကို ဘုရားသခင်က သူများတကာတွေထက် ပိုချစ်တယ်လို့ ပြောလိုက်ရင် ဘုရားသခင်ကို အထင်မလွဲပါနဲ့နော်။ အဲဒါကအမှန်ပဲ၊ ကျွန်မ တစ်ယောက်တည်း သေသပ်လှပစွာ ထုပ်ပိုးထားတဲ့ လက်ဆောင်ပစ္စည်း သုံးခုကို လက်ခံ ရရှိပါတယ်။ လူတိုင်း ပစ္စည်းတစ်ခုစီပဲ ရကြ ပါတယ်။ ကျွန်မတို့အားလုံး ဖြူစင်စွာနဲ့ လက်ဆွဲ နှုတ်ဆက်ကြပါ တယ်။ အားလုံးကလည်း ကိုယ်တတ်နိုင်တဲ့ နည်းလေးတွေနဲ့ ဖျော်ဖြေတင်ဆက် ဆိုကြ ကကြ ပါတယ်။ အရမ်းကို ပျော်ကြပါတယ်။ ခရစ်ယာန် အများစု မပါဝင်တဲ့ ခရစ္စမတ်ပွဲလေးကို မယုံကြည်သူအများစု ကြားထဲမှာ ကျင်းပခွင့်ရခဲ့တဲ့အတွက် ခရစ္စမတ်ပွဲနဲ့အတူ ပါဝင်ခဲ့တဲ့ ချစ်မိတ်ဆွေ သင်တန်းသူ၊ သင်တန်းသား၊ ဝန်ထမ်းမိသားစု အားလုံးကို ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ "လွမ်းနေမယ့် ခရစ္စမတ်" *သဲမေဦး*

---

## "မေရှိယကြွလာခြင်းကိုကြိုဆိုပုံ" မာရာနသာနီနီခိုင်



ဖန်ဆင်းရှင် ဘုရားရှင်ရဲ့ နှုတ်တော်ထွက် စကားများကို ခရစ်တော် မပေါ်မီ၊ ဓမ္မဟောင်းကာလမှာ ကတည်းက ပရောဖက် များကို ဗျာဒိတ်ရူပါရုံပေး၍ မှတ်တမ်းတင်ထား ခိုင်းပါတယ်။ *(ဟေရှာ ၇း၁၄) "သတို့သမီး ကညာသည် ပဋိသန္ဓေ စွဲယူ၍၊ သား ယောက်ျားကို ဘွားမြင်လတ္တံ့။ ထိုသားကို မောရှေလအမည်ဖြင့်*

*မှည့်ရလတ္တံ့"* နောက် လူ များသိရန် ဘုရားသခင် ပေးထားသော ဗျာဒိတ် ဖြစ်ပါတယ်။

ခရစ်တော် လူ့ဇာတိ မခံယူရသေးတဲ့အချိန်မှာ မာရိကို ကောင်းကင်တမန် ပြောသောစကားနှင့် ပရောဖက်ဟေရှာယကို ဘုရားသခင် ဖွင့်ပြ သော ကျမ်းချက်များ တူညီနေပြီး (ဟေရှာ ၇း၁၄ ) နှင့် ( မဿဲ ၁း၂၃) *"မောနွေလ အနက် ကား ငါတို့အတူ ရှိတော်မူသောဘုရား"* ဖြစ်ပါတယ်။ သခင်ယေရှု လူ့ဇာတိ ခံယူတဲ့အချိန်မှာ အပျိုကညာ မာရိကို စောင့်ရှောက် ထိန်းသိမ်းရန် ယောသပ်ကို ကောင်းကင်တမန် ပြောပြသောစကားဖြစ်၍ ရှေးပရောဖက်များရဲ့ ဗျာဒိတ်ရူပါရုံနဲ့ ဖြစ်လာမယ့် နိမိတ်လက္ခဏာများကို ဘုရားသခင်က လူသား များကို ကြိုတင်၍ သတိပေးထားသောအရာ ဖြစ်ပါတယ်။



မေရှိယ ကြွလာမှာကို ဘုရားသခင်ရဲ့ စေခိုင်းမှုအရ ကောင်းကင်တမန်များ သတင်းစကားပြောကြားပုံမှာ *(လု ၁း၂၈–၃၈) "ကျေးဇူးတော်ကို ခံရသော မိန်းမ သင့်အား မင်္ဂလာ ဖြစ်စေသတည်း။ ထာဝရဘုရားသည် သင်နှင့်အတူရှိတော်မူ၏။ သင် သည် မိန်းမ တကာတို့ထက် မြတ်စွာသော မင်္ဂလာရှိသည်ဟု ပြောဆို၏။"* ဘုရားသခင် သင်နှင့်အတူ ရှိတော်မူတယ်လို့ ကောင်းကင်တမန်က ပြောရအောင် မာရိဟာ ဘယ်လောက်တောင် ဘုရားနှင့် အကျွမ်းဝင် သလဲဆိုတာကို ခန့်မှန်းလို့ရပါပြီ။ မေရှိယလို့ ခေါ်တဲ့ ခရစ္စမတ်အရှင်ကို မာရိရဲ့ ကြိုဆိုလိုက်ပုံက 'မဖြစ်နိုင်ဘူး၊ ယောကျ်ား မရှိဘူး'လို့ပြောတော့ အမြင့်ဆုံးသောဘုရား၏ တန်ခိုး အာနုဘော်တော်သည် သင့်ကိုလွှမ်းမိုး လိမ့်မည်လို့ဆိုပါတယ်။ မာရိက "အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်မ ဖြစ်ပါ၏။ ကိုယ်တော်၏ စကား အတိုင်း အကျွန်ုပ်၌ ဖြစ်ပါ စေသော ဟူသော ဝန်ခံခြင်းဖြင့် ကြိုဆိုလိုက်ပါတယ်။" မာရိရဲ့ အကြောင်းကိုသိလို့ ထွက်ပြေးဖို့ကြံတဲ့ ယောသပ်ကို ကောင်းကင်တမန်က ဒီပဋိသန္ဓေဟာ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့်ဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။ ယောသပ်လဲ ဘုရားသခင်မှာတဲ့အတိုင်း မာရိကို စောင့်ထိန်းခဲ့ပါတယ်။ ဘုရားသခင်ရဲ့ စကားကို လိုက်နာ ထိန်းသိမ်း စောင့်ရှောက်ခြင်း အားဖြင့် သူငယ်တော်ကို ယောသပ်က ဘုရားသခင် ခိုင်းသမျှ နာခံခြင်းနဲ့ ကြိုဆိုခဲ့ပါတယ်။

လမ်းပြကြယ်ရဲ့ ကြိုဆိုပုံကြတော့ *(မဿဲ ၂း၉)"အရှေ့ပြည်၌မြင်ရသော ကြယ်သည် သူတို့ရှေ့ကသွားသဖြင့်၊ သူငယ်တော်ရှိရာ အရပ်ပေါ်သို့ ရောက်၍တည်လျက်နေ၏။"* ကြယ် ဟာ လူများကို အေးမြကြည်လင်သော အလင်းပေး၍ သူငယ်တော်ရှိရာ နေရာကို ဦးဆောင်ညွှန်ကြား၍ လမ်းပြ ခြင်းအားဖြင့် ပါဝင်ခဲ့ပါတယ်။

ငွေကြေး မပြည့်စုံသော သူများ၊ သိုးများကို အခစားနှင့် ထိန်းသိမ်း စောင့်ရှောက်ရသော သိုးထိန်းကြီးများကျတော့ *(လု၂း၁၅) "ငါတို့သည် ဗက် လင်မြို့သို့ သွားကြကုန်အံ့။ ထာဝရဘုရားသည် ဘော်ပြ တော်မူသော ဤအမှု အရာကို ကြည့်ကြကုန်အံ့ဟု အချင်းချင်းပြောဆိုပြီးလျှင်"* သူတို့ဟာ ညတွင်းချင်းပဲ ခရီးထွက်၍ မာရိ၊ယောသပ်နှင့် နွားစားခွက်၌ သူငယ်ကိုတွေ့တဲ့အခါမှာ ကောင်းကင်တမန် လာပြောသည့် အတိုင်း ဖြစ်နေတာကို တွေ့မြင်ပြီး မိမိတို့ကြားသော သူငယ်တော်၏ အကြောင်း စကားကို အနှံ့အပြား ပြောကြပါတယ်။ ဟိုအဝေးကြီး တောထဲမှာ အလုပ် လုပ်နေတဲ့ သိုးထိန်း တွေကို ကောင်းကင်တမန်က ဒီသတင်းစကား သွားပြောရ သလဲဆိုရင် သူတို့ဟာ နိုးနိုးကြားကြား သိုးတို့နှင့်အတူ အချမ်းဒဏ် ကိုခံရင်း မအိပ်ပဲ သတိဝိရိယနှင့် နေသောကြောင့်ပါ။ အိပ်ပျော်နေတဲ့ သူတွေကို သွား မပြောပါဘူး။ သူတို့က ကြားတယ်၊ ချက်ခြင်းယုံလို့ ကယ်တင်ရှင်ကို ဖူးမြော်ခွင့် ရခဲ့ကြပါပြီ။ လူအများစုဟာ အိပ်ပျော်နေကြပြီး အိပ်နေချိန်မှာ သွားပြောလို့ ကြားရင် ချမ်းလွန်းလို့ အိပ်လို့ ကောင်းတုန်း ဘာတွေပြောတာလဲ။ နောက်နေ့မှကြည့် လည်းရတာပဲဟု ဆင်ခြေပေးကောင်း ပေးမှာပါ။ သိုးထိန်းတွေက ကယ်တင်ရှင် မေရှိယ ဘွားမြင်တယ် ဆိုတာကို လူတိုင်းသိအောင် နှုတ်နှင့်ချီးမွမ်းခြင်းနဲ့ ကြိုဆိုခဲ့ ကြပါတယ်။

ကိုယ်ဝန်ဆောင် မယ်တော်မာရိ မွေးမယ့်ဆဲဆဲ အချိန်မှာတော့ ဘယ်သူမှ နေရာ မပေးလို့ နွားတင်းကုပ်မှ နွားတွေဟာ သူတို့ရဲ့အစာ စားရမယ့် ခွက်ကလေး ကိုတောင် သူငယ်တော်ရဲ့အိပ်ရာ အနေနဲ့ ပေးခဲ့ပြီး နွားတွေက လူတွေလို ဘာမျှ မသိပေမယ့် သူတို့ဟာ နေရာပေးခြင်းနဲ့ ကြိုဆိုခဲ့ပါတယ်။ *(လု ၂း၁၂) သူငယ်သည်အဝတ်နှင့်ပတ်ရစ်၍ နွားစားခွက်၌ သိပ်ထားလျက်ရှိသည်။*

မာဂု ပညာရှင်များကတော့ ထူးခြားသောကြယ်ကို တွေ့မြင်တွက်ချက်၍၊ ကယ်တင်ရှင်ဘွားမြင်ပြီး ဆိုတာကိုသိလို့ ပိုက်ဆံရှိ လူတန်းစား များဖြစ်သောကြောင့် သူတို့အိမ်၌ အမြတ်တနိုး သိမ်းထားသော တန်ဘိုးထိုက်သော ရတနာများ (ရွှေ၊ လောဗန်၊ မုရန်) ကိုယူဆောင်လာခဲ့ပါတယ်။ လောဗန်နှင့်မုရန် တည်းဟူသော နံ့သာမျိုးဟာ အဘိုးများစွာ ထိုက်လို့ သူတို့ အမြတ်တနိုး သိမ်းထားသော အရာ ဖြစ်ပြီး ဘာလို့ သူငယ်တော်ယေရှုကို ပေးရသလဲဆိုရင် သူတပါးတည်းသာ ချီးမွမ်းရန် ပူဇော်ရန် ထိုက်တန်လို့ ဖြစ်ပါတယ်။ *(ဟေရှာ ၆၀း၆) "ရွှေနှင့်လောဗန်ကို ဆောင်ခဲ့၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ဝမ်းမြောက်စွာ ချီးမွမ်းကြ လိမ့်မည်။ (ဟေရှာ၊၆၅း၇) "သင်တို့၏ ဒုစရိုက်အပြစ်ကိုင်း၊ တောင်ပေါ်မှာ လောဗန်ကို မီးရှို့၍၊ ကုန်းပေါ်မှာ ငါ့ ကိုကဲ့ရဲ့သော သင်တို့ဘိုးဘေး၏ ဒုစရိုက် အပြစ်ကိုင်း သင်တို့ရင်ခွင်၌ ငါဆပ်ပေးမည်။ အကယ်စင်စစ် သူတို့ပြုဘူးသော အကျင့်တို့၏ အကျိုးအပြစ်ကို သူတို့ရင်ခွင်၌ ငါခြင်၍ ပေးမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။"* အာဒံဖြစ်တဲ့ ကျွန်မတို့ရဲ့ ဘိုးဘေးဟာ ဘုရားစကားကို နားမထောင်ခဲ့တဲ့အတွက်၊ သူငယ်တော်ယေရှု ပြန်လည်ပေးဆပ်ရမှာကို သိလို့၊ ဘုရားသခင်ဟာ ပရောဖက်ဟေရှာယကို ဗျာဒိတ်ပေးပြီးသားပါ။ မာဂုပညာရှိတွေက လောဗန်၊ မုရန်၊ ရွှေနှင့်ပူဇော်၍ ဘုရားရဲ့ ကျေးဇူးတော်ကို ချီးမွမ်းလက်ဆောင် ပေးခြင်းနှင့် ချီးမွမ်းလျှက် ကြိုဆိုသွားကြပါတယ်။

ကောင်းကင်တမန်များဟာ သတင်း စကား ပြောရင်းနဲ့ ကြိုဆိုကြ ပါတယ်။ ဟေရဒ်မင်းကတော့ သူ့အာဏာ တည်မြဲဖို့အတွက် ၂နှစ်အောက် သား ယောကျ်ား အပေါင်းကိုသတ်၍ ကြိုဆိုခဲ့ပါတယ်။ မိခင်များကတော့ သားများ အသတ်ခံရ၍၊ မေရှိယအရှင်ကို ငိုကြွေးခြင်းနဲ့ ကြိုဆိုခဲ့ပါတယ်။ ကလေးများ ကျတော့ အသတ်ခံ ရမှာစိုးလို့ ကြောက်လန့်စွာနှင့် ဆင်နွှဲခဲ့ရပါတယ်။

ဒီကနေ့ ခရစ္စမတ်ပွဲကို သင် ဘယ်လိုကြိုဆိုမလဲ။ မာရိ ကဲ့သို့ ဟုတ်ကဲ့ သခင် ဝန်ခံခြင်းနဲ့လား။ ယောသပ်ကဲ့သို့ သူငယ်တော်နှင့် မယ်တော်ကို ကာကွယ်စောင့်ရှောက်ရန် နာခံခြင်းနဲ့လား။ သိုးထိန်းကဲ့သို့ သတင်း စကားပြောကြားခြင်း ချီးမွမ်းခြင်းနဲ့လား။ မာဂုပညာရှိတွေ ကဲ့သို့ တန်ဘိုးသော လက်ဆောင် ပစ္စည်းများနှင့် ချီးမွမ်းခြင်းနဲ့လား။ နွားများကဲ့သို့ ကိုယ့်ဆန္ဒထက် သူများကို ဦးစားပေး၍ ကြိုဆိုမှာလား။ ကြယ်ကဲ့သို့ ကယ်တင်ရှင်ဆိုတဲ့အကြောင်းကို ဖော်ပြ၍ လမ်းညွှန်ခြင်းနဲ့ ကြိုဆိုမှာလား။ ကောင်းကင်တမန်ကဲ့သို့ သတင်းစကားကို ပြန်ပြောပြခြင်းအားဖြင့်လား။ ဟေရဒ်မင်းကဲ့သို့ အတ္တများနဲ့ ကြိုဆိုမှာလား။ မိခင်များကဲ့သို့ ငိုကြွေးခြင်းနဲ့လား။ ကလေးများကဲ့သို့ ကြောက်လန့်ခြင်းနဲ့လား။

ကလေးတစ်ဦးက **Sunday School** သီချင်းတစ်ပုဒ်ကို ကြားဖူးနားဝနှင့် ပြန်ဆိုပုံမှာ 'မယ်ဇလီကုန်း သွားမယ်၊ ကိုယ်တော် ကုန်ကူးကြမယ်'တဲ့။ သီချင်းရဲ့ စာသားအမှန်မှာ 'ဗက်လင်မြို့သွားမယ်၊ ကိုယ်တော် အကြောင်းပြောမယ်'ဖြစ်ပါတယ်။ အဲဒီ ကလေး သီဆိုသလိုမျိုး ခရစ္စမတ်မှာ အလှူငွေရှာရင်းနဲ့ ကိုယ်တော်ကို ကုန်ကူးသလိုမျိုး ကြိုဆိုနေကြပါသလား။ သခင်ယေရှု ဟာ ကယ်တင်ရှင်အနေနဲ့ လာခဲ့ပြီးဖြစ်ပါတယ်။ မကြာခင် စီရင်ခြင်းအနေနဲ့ ပြန်လာအုံးမယ့် သခင်ယေရှုကို အသည်းနှလုံးထဲ၌၊ အမြဲတမ်းထားပြီး ခရစ္စမတ်ရဲ့ အရှင်သခင် မွေးဖွားခြင်းကို အဓိပ္ပါယ်ရှိစွာ ကြိုဆိုနိုင်ပါစေ။ **မာရာနသာ နီနီခိုင်**

(မှတ်ချက်။ ဘယ်သူ့ကိုမှ မရည်ညွှန်းပါ။ ကိုယ်တိုင် တွေ့ကြုံခဲ့တဲ့ ခရစ္စမတ်အကြောင်း ရေးသားပေးခြင်းဖြစ်ပါသည်။)

---

## စာတန်၏စုံစမ်းနှောင့်ယှက်ခြင်း

ဆောင်းရန့် (မှော်ဘီမြေ)

ချစ်သော ခရစ်ယာန်ညီအစ်ကို မောင်နှမများ အားလုံးကို ချစ်ခင်ရင်းနှီးစွာဖြင့် သမီး ခံစားခဲ့ရတဲ့ စာတန်ရဲ့ စုံစမ်းနှောင့်ယှက်ခြင်းကို ဝေမျှ သက်သေခံချင်ပါတယ်။ ဘုရားသခင်ဟာ ဘယ်လောက်ကောင်းမြတ်တယ်၊ ဘယ်လောက်အံ့ဩဘွယ် ကောင်းတယ်ဆိုတာ သမီးလက်တွေ့ တွေ့ကြုံခံစားခဲ့ရ တယ်။ ပြီးခဲ့တဲ့ August လမှာ သမီးကို သိပ်ခင်တဲ့ အန်တီတစ်ယောက်ဆီက ဖုန်းလာပါတယ်။ နင့်အိမ်ရှင်တွေ က နင့်ကို မကြိုက်လို့ လူသစ် လာရွေးသွားတယ်ဆိုပြီး အေးဂျင့်ဆီကို ကိစ္စတစ်ခုကြောင့် သွားရင်း သိခဲ့ရတယ်လို့ပြောတယ်။ သမီး လည်း စိတ်ဓါတ် အရမ်းကျပြီး မြန်မာပြည်ပြန်ရမယ့် အခြေအနေအထိ ဖြစ်သွားခဲ့ပါတယ်။ ဘုရားသခင်ဟာ တကယ် ကောင်းမြတ်ပါတယ်။ သမီးလည်း စိတ်ပူစွာဖြင့် ပါးစပ်က၊ စိတ်ထဲက သမ္မာကျမ်းစာကို တတွတ်တွတ် အမြဲဖတ်မိတယ်။ August (၃၁)ရက်နေ့မှာ သမီးကို ဆရာက ဆုံးမ စကား ပြောရုံမက လိုအပ်ချက်တွေ ဘယ်လို လုပ်သင့်တယ်ဆိုတဲ့အကြောင်း ပြောပြီး လစာတောင် ၅၀ ဒေါ်လာ ပိုပေးပါတယ်။ ဘုရားသခင် ကောင်းမြတ်တယ်ဆိုတဲ့ အကြောင်း ဘဝမှာ လက်တွေ့ ကျကျ ခံစားလိုက်ရပါတယ်။ အဲဒီည သမီးတနေ့ တခန်း ပုံမှန်ဖတ်တဲ့ ကျမ်းစာမှာ အဲဒီနေ့ (ကမ္ဘာဦး ၂၂း၂) ၂၂ တပိုဒ်လုံး အာဖြဟံကို ဘုရားသခင် စုံစမ်းတာ အာဗြဟံ အောင်မြင်ခဲ့တယ်ဆိုတာ သမီးလည်း စာတန်ရဲ့စုံစမ်းခြင်းကို ဘုရားသခင်ပေးတဲ့ ခွန်အားနဲ့ အောင်မြင်ခဲ့တယ် ဆိုတာ တထပ်တည်း ခွန်အားယူလိုက်ရပါတယ်။ သမီးလည်း စာတန်ရဲ့ စုံစမ်းခြင်းအပေါ် ဘုရားသခင် ခွန်အားနဲ့ အနိုင်ယူလိုက်ရတဲ့အတွက် ရင်ထဲမှာ ဘုရားသခင်ကိုပိုပြီး ချစ်မိပါတယ်။

သမီးကိုလည်း လုပ်ငန်းပိုင်းဆိုင်ရာ သမီး ဆရာမရဲ့ သားလေးကို ကောင်းကောင်းမွန်မွန် ပြုစု ပေးနိုင်အောင် ဘုရားသခင် ဉာဏ်ပညာခွန်အားတွေ ပေးအောင် ချစ်သော ညီအစ်ကို မောင်နှမအားလုံး သတိရ ဆုတောင်းပေးပါလို့။ အယောက်စီတိုင်းကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ **ဆောင်းရန့်(မှော်ဘီမြေ)**

---

## ကျွန်တော်နှင့်မုန်တိုင်းဒေသအမှတ်တရ(၅) မင်းအောင်သက်လွင်







(ယခင်လမှအဆက်) ၂၆–၀၆–၂၀၀၈ နေ့မှာတော့ မနက်အစောကြီး ကတည်းက နိုးနေပါတယ်။ ညက ကျွန်တော်တို့ တစ်ဖွဲ့လုံး တည်းတဲ့အိမ် အပေါ်ထပ်မှာဘဲ တစ်စု တစ်ဝေး တည်း အိပ်ခဲ့ကြပါတယ်။ မိုးလင်းလင်းချင်း တောင့်တမိတာက လက်ဖက်ရည်ဆိုင် ထိုင်ဖို့၊ ဘိုကလေးမြို့ ဈေးကို တစ်ပတ် လည်ဖို့ပါဘဲ။ ဝါသနာ ပါသူချင်း စုပြီး အိမ်က စောစောထွက်လာခဲ့ကြပါတယ်။ ဒီနေ့မနက် စောစောမှာ ဘယ်ကိုသွားရမယ်ဆိုတာ သေသေချာချာ မသိသေးတဲ့ အတွက် ဘာ အစီအစဉ်မှ မရှိသေးပါဘူး။ မနက်စာ စားပြီး ကမ်းနားလမ်း ဘက်က ဈေးထဲ လမ်းလျှောက် နေတုံး မနက် ၁၀နာရီလောက်မှာ ရွာသုံးရွာ ကို ဆေးသွားကုပေးဖို့ ခရီးစဉ်ရှိကြောင်း သတင်းကြားရတာမို့ ဈေးထဲကနေ တည်းခိုတဲ့အိမ်ကို ဆိုက္ကား အသွားအပြန်စင်းလုံးငှားပြီး ယူစရာ ရှိတာတွေ ယူဖို့ ပြန်လာခဲ့ကြပါတယ်။ အဲဒီလို အလောသုံးဆယ် ပြန်လာ တဲ့ အချိန်မှာ စင်ကာပူက နပ်စ်မ ဝဝလေးနဲ့ သူ့ချစ်သူတို့ စီးတဲ့ ဆိုက္ကား ချိန်း ကြိုးပြတ်သွားလို့ သူတို့နှစ်ယောက် ဆိုက္ကား ပြောင်းစီးခဲ့ရပါသေးတယ်။ (မနေ့က သူတို့ စီးတဲ့ လှေ အင်ဂျင်ချိန်းကြိုးပြတ်သွားတယ်ဆိုတာ အရင် လကရေးခဲ့ပြီးပါပြီ) မနက် ၁၀နာရီလောက်မှာ ပဝေရွာကို ပထမဦးဆုံး ထွက် လာခဲ့ ကြပါတယ်။ စက်လှေ နှစ်စီးခွဲပြီး အတူတူ ထွက်လာခဲ့တယ်။ စက်ကောင်းတဲ့ လှေကြီးမှာ လူအားလုံး စီးကြပြီး စက်သိပ်မကောင်းတဲ့ (မနေ့က ချိန်းကြိုး ပြတ်သွားတဲ့လှေ) လှေကိုတော့ လှူမဲ့ ပစ္စည်းတွေ (ဆန်၊ ဆီ၊ အဝတ်အထည်၊ ခြင်ထောင်၊ ကြက်သွန် အိတ်) တင်ပါတယ်။ ဘိုကလေး မြို့ ကနေ တစ်နာရီကျော်လောက် လှေစီး လိုက်တဲ့အခါမှာ ပဝေရွာကို ရောက်ပါတယ်။ ရွာထဲကို အဝင်မှာ ချောင်းက တော်တော် ကျဉ်းသွားပါတယ်။ ရွာအဝင်ဝမှာ မုန်တိုင်း ဒဏ်ခံရတဲ့ သူတွေနေဖို့ ယာယီမြေစိုက်တဲတန်း ရှည်ကြီး ထိုးထားပါ တယ်။ ပဝေရွာမှာ ဘုရားကျောင်း ရှိပါတယ်။ ကျောင်းသား အယောက် ၉၀ ကို ဘော်ဒါဆောင် အနေနဲ့ ထိန်းသိမ်းထားပြီး စာသင် ပေးနေတာ တွေ့ခဲ့ရပါတယ်။ စင်ကာပူနိုင်ငံ တိုင်းရင်းသားပေါင်းစုံ အသင်းတော်က လူတစ်ယောက် ပုဆိုးတစ်ထည် (သို့) ထမီတစ်ထည်နှုန်းနဲ့ အလှူ ခံလာတဲ့ ပုဆိုးတွေ၊ ထမီတွေနဲ့၊ ခြင်ထောင်၊ ဆန်၊ ဆီ၊ ကြက်သွန်တွေ ကို ပေးလှူခဲ့ပါတယ်။ ရွာအဝင်ဝမှာ ငါးနှစ်အောက် ကလေး လေးတွေ ကျွန်တော်တို့ကို လာကြိုကြ ပါတယ်။ ကျန်တဲ့ ကလေးတွေ ကတော့ စာသင်နေတာမို့ လာမကြိုနိုင် ကြပါဘူး။ မူလတန်းနဲ့ အလယ်တန်း ကို သီးသန့် အဆောင်တွေမှာ ခွဲထားပြီး စေတနာ့ ဝန်ထမ်း ဆရာ၊ ဆရာမ လေးတွေက စာသင်ပေးနေတာကို တွေ့ခဲ့ရပါ တယ်။ ဆရာဝန်မကြီး ဦးဆောင်တဲ့ အဖွဲ့က ပဝေရွာမှာ ဆေးကုပေးဖို့ ချန် နေခဲ့ပြီး လူငယ်ဆရာဝန်လေး ဦးဆောင်တဲ့အဖွဲ့က နောက်ထပ် ရွာနှစ်ရွာကို ဆက် သွား စရာရှိတာမို့ ကျွန်တော်လဲ သူတို့နဲ့အတူ နေ့လည် ၁၂နာရီမှာ ခရီးထွက် ခဲ့ ကြပါတယ်။ သင်းအုပ် ဆရာ နှစ်ပါးစလုံး ပဝေရွာမှာ မနေခဲ့ဘဲ လိုက်ခဲ့ကြပါတယ်။ ဒုတိယရွာဖြစ်တဲ့ ကျိုးပင်ဆန်စက်ရွာကို ရောက်လာခဲ့ကြပါတယ်။ ပထမ ဦးဆုံး သင်းအုပ်ဆရာ အိမ်ကို သွားပြီး မိတ်ဆက်စကားပြောကာ ဆေးကုပေးဖို့နဲ့ လှူဖို့ စင်ကာပူက လာတာဖြစ်ကြောင်း ပြောပြပါတယ်။ အသက် ၇၀နီးပါးရှိတဲ့ ဆရာကြီးက ဂီတာတီး သီချင်းဆိုပြပြီး ဘာ အကူအညီမှ မလိုကြောင်း ပြောပါတယ်။ နောက်တော့ ဒေသခံ ဆရာတစ်ဦးက ဆရာကြီး အကူအညီ မလိုရင်လဲ အသင်းသားတွေထဲက (သို့) ရွာသားတွေထဲက (သို့) ရွာထဲမှာ ရှိတဲ့ မယုံကြည် သူတွေထဲက စားဖို့သောက်ဖို့ဘဲဖြစ်ဖြစ် ရောဂါ ဝေဒနာခံစားရလို့ ဘဲဖြစ်ဖြစ် အကူအညီလိုသလား၊ ကျွန်တော်တို့က စင်ကာပူကလာတဲ့ မြန်မာတိုင်းရင်းသား ခရစ်ယာန်တွေဖြစ်ကြောင်း ဒီရွာမှာ ၂နာရီလောက်နေပြီး ပြန်တော့မှာ ဖြစ်ကြောင်း ပြောပြတော့မှ အကူအညီလိုကြောင်း ပြောပါတယ်။ မကြာခင် ရွာသူရွာသားတွေ တဖွဲဖွဲ ရောက်လာပြီး ရောဂါပေါင်းစုံလာ ပြကြပါတယ်။ လူနာအယောက် တစ်ရာနီးပါးရှိပါတယ်။ လူနာတွေကလဲ ဆရာဝန် ပြချင်သလို ကျွန်တော်တို့ အဖွဲ့ကလဲ အချိန်လုပြီး ဆေးကုနေရတာဖြစ်တဲ့အတွက် တော်တော်တော့ ကတိုက်ကရိုက် ဖြစ်ပါတယ်။







ဆရာဝန် တစ်ယောက်တည်း မနိုင်တော့တဲ့အတွက် သာမာန် ပွန်းပဲ့ ရှနတဲ့ ရောဂါလောက်ကိုတော့ သူနာပြု တွေနဲ့ဘဲ ပြီးပြတ်အောင် ကိစ္စဖြတ်ခဲ့ရပါတယ်။ ကျိုးပင်ရွာမှာ ဆန်စက် ရှိတဲ့ အတွက် ဆန်စက်ထဲ ဗဟုသုတ ဖြစ်အောင် ခနဝင် ကြည့်ခဲ့ပါသေးတယ်။ ယခင် ဆန်စက်ပိုင်ရှင် အဖိုးကြီးက အသက် ၇၀ ဝန်းကျင် လေဖြန်းသလို ဖြစ်လို့ သူ့တပည့် တစ် ယောက်က ကျောပိုးပြီး ဆရာဝန်ဆီ ရောဂါလာပြပါတယ်။ အခုတော့ နောက်ထပ် လူရွယ် သူဌေးတစ်ယောက်က ဆန်စက်ကို ဝယ်လိုက်ပါပြီ။ နာဂစ်မုန်တိုင်းဒဏ်ကို ဆန်စက်ကြီးလဲ တော်တော်ခံခဲ့ရပါတယ်။ ရွာထိပ်မှာ ဘုရားကျောင်း ရှိပါတယ်။ မုန်တိုင်းကြောင့် ၆၀ ဒီဂရီ လောက် ယိုင်စောင်း သွား တဲ့ ဘုရားကျောင်းကို လူအားနဲ့ ပြန်လည် တည့်မတ်ထားတာ ဖြစ်ကြောင်း ကလေးတွေက ပြောပြပါတယ်။ ကလေး တွေကို စပ်စုကြည့်လိုက်တော့ မုန်တိုင်းဖြစ်နေချိန်မှာ လေပြင်းနဲ့အတူ ပင်လယ်ရေတွေ တက်လာတာမို့ ရွာထဲမှာ အခိုင်ဆုံးဖြစ်တဲ့ ဘုရား ကျောင်းထဲ အသင်းသူ အသင်းသားတွေ အားလုံး ပြေးဝင် ခိုလှုံ ခဲ့ ကြကြောင်း၊ အသေအပျောက် နည်းကြောင်း ပြောပြကြပါ တယ်။

အဲဒီနေ့ ညနေ၄နာရီမှာတော့ တတိယမြောက် ရွာဖြစ်တဲ့ ကျွန်းကြားရွာကို သွားရောက်ခဲ့ပါတယ်။ ပဝေရွာ ကနေ တစ်နာရီလောက် စက်လှေ စီးရပါတယ်။ ရွာထိပ်က လှေဆိပ်ဝမှာ ဆောက်လက်စ တိုင်လုံးတွေသာ ထူထားရ သေးတဲ့ အရိုး ပြိုင်းပြိုင်း နဲ့ ဘုရားကျောင်းကို တွေ့ခဲ့ရပါ တယ်။ အဲဒီ ရွာက ကျဉ်းပြီး လူဦးရေ ၅၀ ဝန်းကျင်ဘဲရှိတဲ့ အပြင် အသေ အပျောက်နည်းတဲ့ အတွက် ဆေးဝါး ကုသမှု မပေး တော့ဘဲ လိုအပ်နေတဲ့ ခြင်ထောင်နဲ့ ဆန်တွေ လောက် ဘဲ လှူဒါန်း ခဲ့ပြီး ဘိုကလေး မြို့ကို ညနေ ၆နာရီ လောက် မှာ ပြန်လာခဲ့ကြပါတယ်။ ညနေစာ စားသောက်ပြီးတော့ ဘိုကလေးမြို့ ပေါ် က လက်ဖက်ရည်ဆိုင် တစ် ဆိုင်မှာ ကျွန်တော်တို့ လူငယ် အဖွဲ့တွေ လက်ဖက်ရည် စုပြီး သောက်ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ နောက်ရွာ တစ်ရွာက ရွာသူသုံးယောက် ရောက်လာပြီး နောက်နေ့ကျရင် သူတို့ ရွာကို လာခဲ့ဖို့ လာဖိတ်ပါတယ်။ အမှန်အတိုင်း ရေးပြရရင် ကျွန်တော်တို့အဖွဲ့က လှူဖို့ ပါလာတဲ့ အလှူငွေတွေ (စင်ကာပူ ခရစ် ယာန် အသင်းတော်က မြန်မာ တိုင်းရင်းသားတွေရဲ့ ချွေးနည်းစာ) အားလုံး ကုန်သွားပါပြီ။ လှူဒါန်းတာ လက်လွန်သွားလို့ အသိ ဆန်ဆိုင်မှာ ငွေသိန်း တော်တော်များများ အကြွေး တင်နေခဲ့ပါတယ်။ နောက်တစ်နေ့မှာ နောက်ရွာတွေကို သွားသင့် မသွားသင့် ဆက်ပြီး လှူသင့် မလှူသင့် ဆွေးနွေး ဆုံးဖြတ်တာ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုလွဲပြီး ကတောက် ကဆ နည်းနည်းဖြစ်ကြရတဲ့ အထိပါဘဲ။ နောက်တစ်နေ့မှာတော့ ဘုရားအလိုတော်ရှိတဲ့ နေရာကို သွားဖို့ ဆုံးဖြတ် ဆုတောင်းပြီး အားလုံး အိပ်ယာဝင် ခဲ့ကြပါတယ်။ နောက်လဆက်ရန်

**(မင်းအောင်သက်လွင်)**







မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်